*Volume 3 / Issue 2 / February / 2010*

*Enjoy free reading from B.C.F*

# † Newsletter - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

## ချစ်ခြင်းမေတ္တာ(Love)

**ချစ်ခြင်းမေတ္တာ၏အနက်အဓိပ္ပါယ်၊–**

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ (၁ယော၊၄း၆)
ငါတို့သည်ဘုရားသခင်ကိုချစ်ကြသည်ဟု မဆို။ ဘုရားသခင်သည် ငါတို့ကိုချစ်၍ ငါတို့၏ အပြစ် ဖြေစရာအကြောင်း ဖြစ်စေခြင်းငှါ၊ သားတော်ကို စေလွှတ် တော်မူသော အရာ၌ ချစ်ခြင်းမေတ္တာရှိ၏။

**စစ်မှန်သောချစ်ခြင်းမေတ္တာဆိုသည်ကား၊–**

ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူ အပေါင်း တို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ (ယော၊၃း၁၆)

**ချစ်ခြင်းမေတ္တာ၏သဘောတရား၊–**

မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်း မရှိ၊ မာန်မာနမရှိ။
မလျောက်ပတ်စွာမကျင့်တတ်၊ ကိုယ်အကျိုးကို မရှာတတ်၊ ဒေါသအမျက်မထွက်တတ်၊
အပြစ်ရှိသည်ဟု မထင်တတ်၊ မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်။
သမ္မာတရား၌ဝမ်းမြောက်တတ်၏။
ခပ်သိမ်း သောအရာကို ဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကို ယုံတတ်၏။
ခပ်သိမ်းသောအရာကို မြော်လင့်တတ်၏။ ခပ်သိမ်းသောအရာကို သည်းခံတတ်၏။
မေတ္တာသည် ဖောက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏။ (၁ကော၊၁၃း၄–၇)

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

**ထာဝရချစ်ခြင်းမေတ္တာ၊–**

ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ မေတ္တာကရုဏာတော် အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ်ကျေးဇူး တော်ကို ချီးမွမ်းကြလော့။ (ဆာလံ၊၁၃၆း၁) ထာဝရဘုရားသည် မကုန်ဆုံးနိုင်သော ထာဝရချစ်ခြင်းမေတ္တာဖြင့်ချစ်တော်မူ၏။

**သာ၍မြတ်သောမေတ္တာ၊–**

ကိုယ်အဆွေတို့အဘို့အလိုငှါ ကိုယ်အသက်ကိုစွန့်ခြင်းမေတ္တာ ထက်သာ၍ မြတ်သော မေတ္တာ သည် အဘယ်သူ၌မျှမရှိ။ (ယော၊၁၅း၁၃)

**ချစ်ခြင်းမေတ္တာနှင့်ဆိုင်သောပညတ်တော်၊–**

သင်၏ ဘုရားသခင် ထာဝရ ဘုရားကို စိတ်နှလုံး အကြွင်းမဲ့ ဥာဏ်ရှိသမျှနှင့် ချစ်လော့၊ ဟူသော ပညတ် သည် ပဌမပညတ်ဖြစ်၏။ ကြီးမြတ်သော ပညတ်လည်း ဖြစ်၏။ ထိုမှတပါး ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ ဟူသော ဒုတိယပညတ်သည် ပဌမ ပညတ်နှင့် သဘောတူ၏။ ဤပညတ် နှစ်ပါး တို့ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်း ရှိသမျှတို့၏ အချုပ်အခြာပင် ဖြစ်သတည်း။ (မဿဲ၊၂၂း၃၇–၄၀)

**အဘယ်အရာမျှကျွန်ုပ်တို့အား ဘုရားသခင်၏မေတ္တာတော်နှင့်မခွဲကွာနိုင်၊–**

အကြောင်းမူကား၊ သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတံ့သောအရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍အဘယ်နိမ္မိတအရာမျှသည်၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ခံရသောဘုရားသခင်၏ မေတ္တာတော်နှင့်ငါတို့ကိုမကွာစေနိုင်။ (ရောမ၊၈း၃၈–၃၉)

**လူသားအချင်းချင်းအပေါ်မေတ္တာထားရန်၊–**

ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်လော့။ ရန်သူကိုမုန်းလော့ ဟူသောပညတ်စကားကိုသင်တို့ကြားရပြီး။ သခင်ယေရှုပညတ်သည်ကား၊ သင်တို့သည်ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘ၏သားဖြစ်လိုသောငှါ၊ သင်တို့၏ ရန်သူတို့ကိုချစ်ကြလော့။သင်တို့ကိုကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကိုမုန်းသောသူတို့အား ကျေးဇူးပြုကြလော့။သင်တို့ကို နှောင့်ရှက်ညှဉ်းဆဲသောသူတို့အဘို့ ဘုရားသခင်ကိုဆုတောင်းကြလော့။ (မဿဲ၊၅း၄၃–၄၄)
ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ရမည်။ (ဝတ်၊၁၉း၈)

**ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုတုန့်ပြန်ရန်၊–**

ဘုရားသခင်၏ပညတ်တော်တို့ကို နာခံစောင့်ခြင်းအရာသည် ဘုရားသခင်ကို ချစ်ရာရောက်၏။ (၁ယော၊၅း၃)

**သင်၏ချစ်ခြင်းမေတ္တာကိုမလျော့စေနှင့်၊–**

သင်သည် ရှေ့ဦးစွာသောချစ်ခြင်းမေတ္တာလျော့ပြီဟု သင်၌ အပြစ်တင်စရာရှိ၏။
ထိုကြောင့်၊ သင်သည်မရွေ့လျော့မှီ၊ အရင်နေရာအရပ်ကို အောက်မေ့လော့။ နောင်တရလော့။ ရှေ့ဦးစွာသောအကျင့်ကို ကျင့်လော့။ သို့မဟုတ်သင်ရှိရာ သို့ငါသည်အလျင် အမြန်လာ မည်။ နောင်တမရလျှင်၊ သင်၏မီးခွက်ကိုနေရာမှ ရွေ့မည်။ (ဗျာဒိတ်၊၂း၄–၅)

-----------------------------------------------

# "ငါသည် သူတို့ မခေါ်မှီ ကပင် ထူးမည်"

ဝိညာဉ်သင်ခန်းစာရစေ၍အလွန်လှပသောဤဖြစ်ရပ်သည် အာဖရိကတိုက်တွင်ရှိသောအလွန်ဆင်းရဲ၍ မဖွံ့ဖြိုးသောနေရာတနေရာ၌ သာသနာပြုလုပ်ငန်း လုပ်နေသောဆရာဝန်တစ်ဦး၏ မှတ်တမ်းပင်ဖြစ်သည်။

တနေ့သောညအချိန်၌ ကျွန်တော်သည်မိန်းမတယောက်ကိုအရေးပေါ် နေ့ရက်မစေ့ဘဲ ခက်ခဲစွာကလေးမွေးပေး နေချိန်ဖြစ်သည်။ ကျွန်တော်မည်မျှပင် ကြိုးစားသော်လည်း ဤမိန်းမကို အသက်ရှင်အောင်မကုနိုင်ပါ။ လမစေ့ဘဲ မွေးသောခလေးနှင့်ငိုယိုနေသောနှစ်နှစ်သမီးလေးတယောက်ကို ထားခဲ့ပြီး ဤမိန်းမဆုံးသွားရှာသည်။

ဤလမစေ့မှီမွေးသောကလေးကိုရှင်အောင်ထားရန်Incubatorကရိယာမရှိ။ရှိသည့်တိုင်အောင် ဤကရိယာကိုလျှပ်စစ်ဓါတ်ပေးရန်ဓါတ်အားမရှိသောနေရာလည်းဖြစ်သည်။ထို့အပြင်ဤကလေးငယ်ကိုတိုက်ကျွေးရန်ဘာမှမရှိပါ။ကျွန်တော်လုပ်နေသောနေရာသည်အီကွေတာနှင့်နီးသောအာဖရိကတိုက်ဖြစ်သဖြင့် နေ့အခါတွင် ပူအိုက်သော်လည်း ညအခါ၌ အသဲခိုက်အောင်ချမ်းသည်။

အလုပ်သင်ဝမ်းဆွဲဆရာမတစ်ယောက်သည်ကလေးကိုနွေးထွေးစွာထားရန်ဝါဂွမ်းထည့်ထားသောသေတ္တာတခုယူလာသည်။အခြားဝမ်းဆွဲဆရာမသည် မီးမွေးရန်နှင့်ရော်ဘာရေနွေးအိတ်ကို ရှာရန်ထွက်သွားသည်။ဤဝမ်းဆွဲဆရာမသည်ပူပင်သောကကြီးစွာဖြင့်ပြန်ရောက်လာကာရော်ဘာရေနွေးအိတ်ကွဲသွားကြောင်းပြောသည်။ပူအိုက်သောရာသီဥတု၌ရော်ဘာသည်အလွန်ပင်ပျက်စီးယိုယွင်းရန်လွယ်ကူသည်။ဤရေနွေးအိတ်သည်နောက်ဆုံးကျန်သောရေနွေးအိတ်ဖြစ်သည်။ အပိုမရှိတော့ပါ။ ဝယ်ရန်လည်းဆိုင်မရှိ။ အလွန်ခေါင်ခိုက်သောနေရာဖြစ်သည်။

ထို့ကြောင့်ကျွန်တော်သည်ဆုံးဖြတ်ချက်တစ်ခုကိုအမြန်ချလိုက်၏။နွေးထွေးစေရန်မီးမွေးခိုင်းပြီး၊မွေးခါစကလေးကိုဘေးအန္တရယ်ကင်း၍ မီးနှင့်အနီးဆုံးနေရာ၌ထားရန်မှာလိုက်သည်။ထို့ပြင်တံခါးကြားမှ စိမ့်ဝင်လာသော လေအေးကို ကာပေးနိုင်ရန်၊ ဝမ်းဆွဲဆရာမတစ်ယောက်ကို တံခါးနှင့်ကလေးကြားတွင် အိပ်ခိုင်းလိုက်သည်။

ခါတိုင်းကဲ့သို့ပင် နောက်တနေ့မွန်းတည့်ချိန်၌ မိဘမဲ့ကလေးများဂေဟာတွင် ကလေးများနှင့်အတူဆုတောင်းရန်စုဝေးသည်။ဤမွေးစကလေးနွေးထွေးစေရန်လိုအပ်နေသောရော်ဘာရေနွေးအိတ်အတွက်ဆုတောင်းပေးရန်မေတ္တာရပ်ခံလိုက်သည်။ရေနွေးအိတ်မရပါလျှင်၊ကလေးသည်အအေးမိ၍သေဆုံးသွားနိုင်ကြောင်းရှင်းပြလိုက်သည်။ထို့အပြင်အမေဆုံး၍ငိုယိုနေသောနှစ်နှစ်သမီးလေးအကြောင်းကိုလည်းပြောပြလိုက်သည်။

ဆုတောင်းနေချိန်တွင်ဆယ်နှစ်သမီးလေးမယုသည်ကလေးတို့၏သဘာဝအတိုင်းအပြစ်ကင်း၍စင်ကြယ်သောနှလုံးသား နှင့်လုံးဝယုံကြည်သောစိတ်ဖြင့်ရိုးသားဖြောင့်မှတ်စွာဤကဲ့သို့တိုတိုတုတ်တုတ်ဆုတောင်းလိုက်သည်။



"အိုအဖဘုရားသခင်၊သမီးလေးတို့ဆီကိုယနေ့ပင်ရော်ဘာရေနွေးအိတ်တစ်လုံးကျေးဇူးပြု၍ပို့ပေးပါ။ မနက်ဖြန်မှပို့လျှင် အသုံးကျမည်မဟုတ်ပါ။ ခလေးလေးအအေးမိ၍သေသွားလိမ့်မည်။ထို့ကြောင့်ယခုညနေပင်သမီးတို့ဆီရောက်အောင်ပို့ပေးတော်မူပါ အဖဘုရား။ ထို့အပြင်ငိုယိုနေသောနှစ်နှစ်သမီးလေးအတွက်ကိုလည်း အဖဘုရား၏မေတ္တာတော်ကိုသိအောင် အရုပ်ကလေး တစ်ရုပ်ကို ပို့ပေးတော်မူပါ အိုအဖဘုရားသခင်။ အာမင်။"

အရှက်အကြောက်ကင်း၍ ရဲရင့်ပြီး ယုံကြည်ချက်အပြည့်ရှိသော ဆုတောင်းချက်ကိုကြားရသောအခါ ကျွန်တော်သည်အသက်ရှူမှားလုမတတ်ဖြစ်သွားသည်။ကျွန်တော်သည်ဤဆုတောင်းချက်ကို ယုံကြည်စိတ်ချစွာဖြင့် အမှန်ပင်အာမင်ဖြင့် အဆုံးသတ်နိုင်မည်လား။ ဘာဘဲပြောပြော ကျွန်တော်သည် ဤကလေး၏ ဆုတောင်းချက် ဖြစ်လာမည် မဟုတ်ဟု ပေ့ါပေ့ါဆဆ ယူဆလိုက်သည်။

မှန်ပါသည်။သမ္မာကျမ်းစာအရ၊ ကိုယ်တော်သည် အရာခပ်သိမ်းကိုတတ်နိုင်သည်ဟုဆိုထားသည်။သို့သော်လည်း ကျွန်တော်သည် ဤဆုတောင်းချက် ဖြစ်လာ မည်ဟု မယုံနိုင်ပါ။ ဆရာဝန် ဖြစ်သဖြင့်လက်တွေ့ကျကျ စဉ်းစားတတ်သောကျွန်တော်သည် ဤဆုတောင်းချက်ဖြစ်လာရန်ဖြစ်နိုင်သည့်တစ်ခုတည်းသောနည်းလမ်းမှာ ကျွန်တော်၏ မွေးရပ်ဌာနီဖြစ်သော အမေရိကန်နိုင်ငံမှကျွန်တော့ထံသို့ ပါဆယ် (parcel) ပို့ပေး မှသာ ဖြစ်နိုင်မည်။

ကျွန်တော်သည်အာဖရိကတိုက်သို့ရောက်ရှိလာသည်မှာလေးနှစ်ရှိပါပြီ။တစ်ခါမှပါဆယ်မရရှိဘူးပါ။ ပါဆယ် ရလျှင်လည်း အီကွေတာတွင် နေသော ကျွန်တော့ဆီကို အဘယ်သို့သော လူမျိုးက ရေနွေး အိတ်ပို့ပေးမည်နည်း။

ဤကဲ့သို့သံသယစိတ်ဖြင့် တွေးယင်း သူနာပြုသင်တန်းကျောင်းသို့ပြန်သွား၍သင်တန်းပို့ချသည်။သင်တန်း ပို့ချနေချိန်တွင်သတင်းတစ်ခုရလိုက်သည်။ကျွန်တော် နေသောအိမ်ရှေ့သို့ စာတိုက်မှ ပါဆယ် ပို့သောကားတစ်စီး ရောက်လာကြောင်း သတင်းရလိုက်သည်။သင်တန်းပြီး၍ အိမ်ပြန်ရောက်သောအခါ ဝါရံတာ၌ ပါဆယ်ထုတ်ကြီး တစ်ခုကိုတွေ့ရသည်။ ကျွန်တော်သည် စိတ်အလွန်လှုပ်ရှား၍မျက်ရည်ကျလာသည်။ တစ်ယောက်တည်း ပါဆယ်မဖွင့်နိုင်တော့ပါ။ မိဘမဲ့ခလေးများဂေဟာမှကလေးများကိုခေါ်လိုက်သည်။ ကလေးများ အကူအညီဖြင့် ပါဆယ် ထုတ်ကြီးကို ဖွင့်လိုက်သောအခါ ဆေးဝါးများနှင့် နေ့စဉ် အသုံးအဆောင်ပစ္စည်းများကို တွေ့ရသည်။ ဆက်လက်၍ပါဆယ်ထုတ်ကို ဖြည်ကြည့်သောအခါတွင် အသစ်စက်စက် ရော်ဘာရေနွေးအိတ် တစ်လုံးပါလာသည်ကို တွေ့ရသည်။ကျွန်တော်၏ နှလုံးသွေးခုံခြင်း ရပ်ဆဲသွားသည် ဟုထင်လိုက် ရသည်။

ကျွန်တော်သည် စိတ်ကို မထိန်းနိုင်ဘဲ ငိုမိသည်။ ပို့ပေးရန်ဘုရားသခင်ထံဆုတောင်းသော်လည်း တကယ် ပို့ပေးနိုင်မည်ကို မယုံပါ။ မယုသည် ဤရေနွေးအိတ်ကိုတွေ့လိုက်သည်။သူမက အဖဘုရားသခင်သည် ရေနွေးအိတ်ကို ပို့လျှင် အရုပ်ကလေး ကိုလည်း ပို့လာမှာဘဲ ဟုပြောလိုက်သည်။ ပါဆယ်ထုတ်၏ အောက်ဆုံး၌ အလွန်ချစ်စရာ ကောင်းသော အရုပ်ကလေး တစ်ရုပ်ကို တွေ့ရသည်။ ထိုအခါ၊ မယု၏ မျက်လုံး ကလေးများ တောက်ပလာသည်။ မယုသည် သံသယမရှိ၊ ရမည်ကို စိတ်ချယုံကြည်သည်။ မယုသည် ကျွန်တော်နှင့် အတူ အမေဆုံးသွားသော နှစ်နှစ်သမီးလေး ထံသို့သွား၍ အရုပ်ပေးပြီး၊ သခင်ခရစ်တော်၏မေတ္တာတော်ကိုပြသည်။

ဤပါဆယ်ထုတ်ကို ပို့သောရက်စွဲကို ကြည့်လိုက်သောအခါ လွန်ခဲ့သော၀ါးလကပင်ဖြစ်နေသည်။ ပို့ပေးသော သူမှာ အမေရိကနိုင်ငံမှ ကျွန်တော်သင်ခဲ့သော ဥပုဒ်စာဖြေ အတန်းမှ ဖြစ်သည်။ ဝိညာဉ်တော်၏ လှုံ့ဆော်မှုကြောင့် အသင်းသား တစ်ဦးထံမှ ရေနွေးအိတ် တစ်လုံးနှင့် ကလေးမတစ်ယောက်ထံမှအရုပ်လေးကို ပေးလှူခြင်းပင်ဖြစ်သည်။

ထို့ကြောင့်**"ငါသည်သူတို့မခေါ်မှီကပင်ထူးမည်"**ဟု၊ဟေရှာယအနာဂတ္တိကျမ်း၊အခန်းကြီး၆၅၊ အခန်းငယ်၂၄တွင်၊ ကျမ်းစာတော်မြွက်ကပြောထားသည့်အတိုင်း၊ အရာခပ်သိမ်းကို သိတော်မူသောအဖဘုရားသခင်သည်ယုံကြည်ခြင်းအပြည့်နှင့်ဆုတောင်းလာမည့်မယု၏"ယခုညနေအမှီပို့ပါ"ဟူသောဆုတောင်းချက်နှင့်လိုအပ်ချက်ကိုသိနှင့်ပြီးဖြစ်၍၊အချိန်မှီရောက်ရှိနိုင်ရန်အတွက်လွန်ခဲ့သော၀ါးလကပင်၊ ဝိညာဉ်တော်အားဖြင့်ပြင်ဆင်ပေးခဲ့ပါသည်။ ။

John Ma

---